


# အနိစ္စမြင်လျက်သားနဲ့ နိဗ္ဗာန်မရ

(ဆန္ဒအမတ်)

(၁၇-၉-၆၂)

၁၁၈

ကျေးဇူးတော်ရှင် မဟာထေရ်
အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၄) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

အမရပူရမြို့ ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော

# အနိစ္စမြင်လျက်သားနဲ့ နိဗ္ဗာန်မရ

(ဆန္ဒအမတ်)

(၁၇-၉-၆၂)

ကြိုးစားပြီး တရားမှတ်ကြတဲ့၊ ဒီအတိုင်း ရှုကြရလိမ့်မယ်...လို့ မှတ်ထားရမယ်...။ (မှန်ပါ)။

**အလုပ်ပေးတဲ့ တရား**

ဒီ နေ့လယ် ဟောနေတဲ့ တရားက အလုပ်ပေးတဲ့ တရားလို့ မှတ်ရမယ်...။ (မှန်ပါဘုရား)၊ ဘယ်လိုရှု, ဘယ်လိုလုပ်ကြလို့, ဘယ်လိုကိုင်ကြလို့ ဟောတဲ့တရားလို့ မှတ်ရမယ်...။ (မှန်ပါ)။

ရှေးက ဘုရားလက်ထက်တုန်းက ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဖွားဘက်တော် မောင်ဆန်ဆိုတာ ကြားဖူးကြလိမ့်မယ် ဟင်…(မှန်ပါ)။

**ဖွားဘက်တော် မောင်ဆန်**

အဲဒီ မောင်ဆန်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်တော့မြင်တယ်၊ ရှုလိုက်ရင် ဖြစ်မှု,ပျက်မှုတွေ မြင်တော့ မြင်တာပဲ၊ မြင်ပြီးတော့ သူ့စိတ်ထဲမှာ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ ကြည့်တာပဲ၊ ခန္ဓာထဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ရှိတာပဲ၊ အားကိုးစရာတော့ ဘာမှ မရှိဘူး၊ အကုန် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ခဲ့လို့ရှိရင် ဘာအားကိုးမတုံးဆိုတဲ့ဥစ္စာ သူ့စိတ်ထဲမှာ ပြန်ပြန်ပေါ်နေတယ်…။ (မှန်ပါဘုရား)။

အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ခဲ့လို့ရှိရင် ခန္ဓာကိုယ်တစ်ကိုယ်လုံးထဲမှာ အကုန် အနတ္တတွေဖြစ်နေလို့ရှိရင် ဘယ်ဟာမှ, ကိုယ့်ဟာမှ မဟုတ်တော့ဘဲဆိုတော့ ဘယ်မှ အားကိုးစရာ မရှိတော့ဘူးတဲ့၊ သူ့စိတ်ထဲ အားကိုးရာ ပျောက်ပျောက်သွားတယ်…။ (မှန်ပါဘုရား)။

ဒကာ ဒကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုလိုက်တယ်၊ ရှုလိုက်တဲ့အခါကျတော့ မြင်တော့မြင်တယ်၊ ပျောက်ပျောက်သွားတာပဲ…။ (မှန်ပါ)၊ ပျောက်သွားလိုက်, ပျောက်သွား

လိုက်, ပျောက်သွားလိုက်၊ ရှုလိုက်ရင် ပျောက်သွားတာ မြင်တယ်၊ဒီလိုသာ ပျောက်သွားလို့ရှိရင်ဖြင့် ဘာအားကိုးရမှာ တုံးတဲ့ဆိုတော့ ပျောက်သွားတာကိုပဲ သူ့စိတ်ထဲမှာ ပျောက်သွားတဲ့ အနတ္တကိုပဲ မကျေနပ်ဘူး...။ (မှန်ပါ့ဘုရား)။

အားကိုးရာ မရှိတော့ဘူးတဲ့၊ စိတ်ဝင်လာတယ်ဆိုတော့ သူ့မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြင်ဘူးလား, မြင်သလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(မြင်ပါတယ်ဘုရား)။

**ဘယ်ဟာ အားကိုးရမှာလဲ**

အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပါတယ်၊ မြင်ပြီးတော့ သူ့စိတ်ထဲမှာ အလုံးစုံ အနတ္တတွေ ဖြစ်နေလို့ရှိရင် ဘယ်ဟာ အားကိုးရမလဲဆိုတဲ့ စိတ်က ဝင်လာတယ်...။ (မှန်ပါ့ဘုရား)။

ဒါ အားလုံး ဒကာ ဒကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မြင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ထဲမှာ ဘာအားကိုးစရာ ရှိသေးသတုံး၊ ဒီလို အားကိုးစရာမရှိလို့ရှိရင် ဘယ်ဖြစ်နိုင်ပါ့မလဲဆိုတော့ ဦးကျော်မောင်တို့ သူ့စိတ်ထဲမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရတဲ့အပြင် အားကိုးပျောက်သွားလို့ ခက်တယ်ဆိုတဲ့ အဓိပ္ပါယ်တောင် လာသေးတယ်...။ (မှန်ပါ့ဘုရား)။

အားကိုးပျောက်သွားလို့ ခက်တယ်ဆိုတဲ့ အဓိပ္ပါယ်

တောင် လာသေးတယ်၊ ဒီလိုဆိုရင် ဘယ့်နှယ် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မြင်တယ်၊ ပျောက်ပျောက်သွားတယ် ဆိုလို့ရှိရင်ဖြင့်၊ ရုပ်နာမ်ပျောက်ပျောက်သွားလို့ရှိရင်ဖြင့် နိဗ္ဗာန်ပေါ်ဖို့ပဲ...။ (မှန်ပါ)၊ သူ့မှာတော့ နိဗ္ဗာန်မပေါ်တဲ့အပြင် ဆုတ်နစ်တဲ့စိတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကြည့်လိုက်၊ ခန္ဓာကိုယ်ထဲ မြင်လိုက်၊ အလုံးစုံ အားကိုးစရာမရှိတဲ့ အဓိပ္ပါယ် ရောက်လာတယ်...။ (မှန်ပါဘုရား)။

အားကိုးရာ မရှိတဲ့ တရားပဲ၊ သူ့စိတ်ထဲ အားကိုးရာ မရှိတဲ့ တရားပဲလို့ ပြန်ပြန်ပေါ်နေတဲ့အတွက် နိဗ္ဗာန်ကို မပေါ်လာဘဲ ဖြစ်နေတယ်...။ (မှန်ပါဘုရား)။

ဒါ ကြပ်ကြပ်စဉ်းစား နားထောင်ပါ၊ ဒီဥစ္စာ ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်မှာ သေသေချာချာ ရှင်းပြပြီး ပါဠိတော်ပဲ ဆိုတာ မှတ်ရမယ်နော်...။ (မှန်ပါဘုရား)။

ဒီမှာလဲ ဒကာ ဒကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာကိုယ်ထဲမှာ ဖျတ်ခနဲပေါ်လိုက် ပျောက်သွားလိုက်၊ ပေါ် လိုက် ပျောက်သွားလိုက်၊ ပေါ်လိုက် ပျောက်သွားလိုက် ဆိုလို့ရှိရင် ဘာအားကိုးရမှာတုံး၊ ဒီဥစ္စာတွေဟာ ကိုယ့် သဘော ကိုယ်ပိုင်တာ, ကိုယ်ခင်တာမှ ဘာမှ မရှိဘဲ၊ အားကိုးရာမဲ့ချည်း ဖြစ်ဖြစ်နေရင် စိတ်ထဲမှာ ဖိုခနဲ ဖိုခနဲ ဖြစ်သွားတယ်...။ (မှန်ပါဘုရား)။

ဖိုခနဲ ဖိုခနဲ ဖြစ်သွားတော့ကို အားကိုးရာမရှိတဲ့ အဓိပ္ပါယ်မျိုး ရောက်သွားတယ်၊ နိဗ္ဗာန်မပေါ်ဘူး...။ (မှန်ပါ့ဘုရား)။

ဘယ်လို ဖြစ်သွားသတုံး...(နိဗ္ဗာန်ပေါ်မလာပါ)၊ အားကိုးရာမရှိတဲ့ သဘောဖြစ်ပြီး သူ့စိတ်ထဲ ပြယ်ပြယ်သွားတယ်နော်၊ အားကိုးရာမရှိတဲ့သဘောဖြစ်ပြီး ပြယ်ပြယ်သွားပြီး နိဗ္ဗာန်မပေါ်လာဘူး...။ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူက အားကိုးရာ မရှိလို့ရှိရင် မဖြစ်ဘူး...။ (မှန်ပါ့)၊ တစ်ခုခုတော့ဖြင့် ရှိမှပဲ၊ အားကိုးရာရှိမှပဲ၊ အခုတော့ အားကိုးရာမရှိတဲ့ တရားတွေချည်း ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတယ်၊ ဒီလိုဆိုရင် ဘာအားကိုးရမလဲလို့ ဆိုတဲ့စိတ် ယှဉ် ယှဉ်ပြီး လာတယ်...။ (မှန်ပါ့ဘုရား)။

**အနတ္တမြင်ရင် အားကိုးရာမဲ့ ဖြစ်သွားတယ်**

မောင်သစ် ဒီဥစ္စာ သေသေချာချာမှတ်ပါ၊ အနတ္တမြင်ရင် သူ့စိတ်ထဲမှာ အားကိုးရာမဲ့ ဖြစ်ဖြစ်သွားတယ်...။ (မှန်လှပါဘုရား)။

အနတ္တမြင်ရင်...(အားကိုးရာမဲ့ ဖြစ်ဖြစ်သွားပါတယ်)၊ အနတ္တမြင်လိုက်လို့ရှိရင် ခန္ဓာထဲမှာ ဖျတ်ခနဲ ပျောက်သွားတယ်၊ ရုပ်ကလေးရှုလိုက်လို့ ပျောက်သွားလဲ အနတ္တပဲ၊ ဝေဒနာကလေးရှုလိုက်လို့ ပျောက်သွားလဲ အနတ္တပဲ၊ စိတ်

ကလေး ရှုလိုက်လို့ ပျောက်သွားလဲ အနတ္တပဲ၊ အနတ္တချည့် ဖြစ်နေတော့ အားကိုးရာ တစ်ခုမှ မရှိပါလားဆိုပြီး သူ့စိတ်ထဲမှာ ဆုတ်နစ်တဲ့စိတ် ပေါ်ပေါ်လာတယ်...။ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်မပေါ်တဲ့အပြင် မောင်သစ် ဆုတ်နစ်တဲ့စိတ်က ပေါ်လိုက်သေးတယ်...။ (မှန်ပါ့)၊ မောင်သစ် ဒါ အရေးကြီးတယ်...။ (မှန်ပါ့ဘုရား)။

**သာဝတ္ထိပြည်မှာ နေတယ်**

ဒါနဲ့ သူ ရှင်ဆန္နသည် သာဝတ္ထိပြည်မှာနေတော့ သူ ရှုလိုက်ရင် ဒီလိုချည့်ဖြစ်နေတော့ ရဟန်းတွေကို သူက သွားပြီး တောင်းပန်တယ်၊ အရှင်ဘုရားတို့...တပည့်တော်ကို တရားဟောကြပါဦးလို့၊ ဟိုကျောင်းသွားပြီး တရားဟောကြပါဦး၊ တပည့်တော်ဖြင့် ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန် မပေါ်လာဘူး...။ (မှန်ပါ့ဘုရား)။

ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန်ဖြင့် မပေါ်လာဘူး၊ ဒါနဲ့ ရဟန်းတွေကဟောတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒကာ ဒကာမတို့ ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ်မပါဘူး...။ (မှန်ပါ့)၊ ဘုရား ပရိနိဗ္ဗာန်စံပြီး ရက်အနည်းငယ်အတွင်းမှာ ရှိပါသေးတယ်...။ (မှန်ပါ့ဘုရား)။

ဒီတွင် ရဟန်းတွေကတော့ကွာ ရုပ်အနိစ္စ၊ ရုပ်အနတ္တ ပေါ်ကွ၊ ဝေဒနာအနိစ္စ၊ ဝေဒနာအနတ္တပေါ်ကွ၊ သညာအနိစ္စ သညာအနတ္တပေါ်ကွ၊ ဝိညာဏ်အနိစ္စ၊ ဝိညာဏ်အနတ္တ ဘစ်ကိုယ်လုံးကွာ "သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ"ပါပဲ ဟောလိုက်တယ်...။ (မှန်ပါ့ဘုရား)။

ဟောလိုက်တော့ သူ အဟောခိုင်းတဲ့ ပုဂ္ဂိုလ်တွေ ဟောတဲ့ တရားဟာ ဦးဘသန်း အမှန်ချည့်ပဲနော်...။ (မှန်ပါ့)၊ မှန်တာဟောကြပြီးသော်လဲ သူ့စိတ်ထဲ အို... ဒီအနိစ္စတွေ၊ ဒီအနတ္တတွေတော့ သူ မြင်နေတာပဲ၊ မြင်ပင် မြင်ငြားသော်လဲတဲ့၊ ခုနင်က ပြောခဲ့တဲ့အတိုင်း ဒီဟာတွေ အကုန် အနတ္တဖြစ်ခဲ့လို့ရှိရင် ဘယ်ဟာ အားကိုးရမလဲဆိုတဲ့ စိတ်ဟာသူ့စိတ်ထဲပြန်ပြန်လာတယ်...။ (မှန်ပါ့)၊ တွေးတော့ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ဟာတော့ ဒီလို မဟုတ်ဘူးလို့ သူ့ဟာသူ တွေးမိတယ်...။ (မှန်ပါ့ဘုရား)။

**သူ့မှာ နိဗ္ဗာန်ပေါ်မလာဘူး**

နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်ကတော့ ခန္ဓာရှိရင် အိုဘေး၊ နာဘေး တွေ့ရတယ်၊ ခန္ဓာကုန်တာ တွေ့ရတယ်၊ နိဗ္ဗာန် ပေါ်လာတယ်၊ ဒီလို ဘုရားက ဟောထားတယ်၊ သူ့မှာဖြင့် ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန် မပေါ်လာ၊ တဏှာသေတဲ့ နိဗ္ဗာန်လဲ မပေါ်လာသေး၊ ဘာ အားကိုးရမလဲ၊ အကုန်အနတ္တ

ဖြစ်ခဲ့လို့ရှိရင် အားကိုးရာမဲ့ ဖြစ်သွားတဲ့အတွက် စိတ်ထဲမှာ ဆုတ်နစ်တဲ့ စိတ်သာ ပေါ်ပေါ်လာတာကို တွေ့ရတယ်။

ဒါကြောင့် ဒီကိုယ်တော်တွေ ဟောတဲ့..."သဗ္ဗေ သင်္ခါရာ အနိစ္စ၊ သဗ္ဗေ ဓမ္မာ အနတ္တ" ဆိုတဲ့ တရားတွေဟာ သူကဖြင့် မြင်ပါတယ်...။ (မှန်ပါ့)၊ မြင်ပင် မြင်ငြားသော်လဲ နိဗ္ဗာန် မပေါ်လာဘူးဆိုတော့ ဒီမှာ အခု တရားနာတဲ့ ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ ဘယ်လိုစဉ်းစားရမလဲ ဆိုတော့ သြော်...အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ မြင်လျက်သားနဲ့ နိဗ္ဗာန်မရဘူး...။ (မှန်ပါ့)။

ဒါဖြင့် အရှင်ဆန္နက မောင်သစ် သက်သေခံနေတယ်...။ (မှန်လှပါဘုရား)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ အကုန်မမြင်ဘူးလား...(မြင်ပါတယ်ဘုရား)။

မြင်လျက်သားနဲ့ သူ့မှာ ဘာအားကိုးစရာရှိတော့သတုံး ဆိုတဲ့ အခ်ိပ္ပါယ် ပြန်ပြန်လာတယ်...တဲ့၊ နိဗ္ဗာန်တော့ မပေါ်လာဘူး...။ (မှန်ပါ့)။

## အနိစ္စမြင်လျက်သားနဲ့ နိဗ္ဗာန်မရ

ဒါနဲ့ သူ့စိတ်ထဲ ခုနင်က ရဟန်းကြီးတွေကို သူသိပြီးသား၊ သူ မှတ်ပြီးသား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သူ မြင်ပြီးသား၊ ရှင်းပြီးသား၊ သို့သော် နိဗ္ဗာန်တော့ သူ မပေါ်လာဘူး၊ ဒါ့ကြောင့် ဒီကိုယ်တော်တွေ ဟောတဲ့

တရားနဲ့တော့ သူ လုပ်ပြီးသား တရားနဲ့ သူတို့က နိဗ္ဗာန်ပေါ်လိမ့်မယ်လို့ ဟောတယ်၊ သူ လုပ်ကြည့်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ အမြင်သား၊ မြင်ပင် မြင်ငြား သော်လဲ နိဗ္ဗာန်က မပေါ်လာဘူး၊ အဲဒီတော့ ဒီကိုယ် တော်တွေ ဟောတဲ့ တရားနဲ့တော့ သူ ကျွတ်တမ်းဝင်ဖို့ မလွယ်ဘူး...။ (မှန်လှပါဘုရား)။

ဒီလိုဆိုကော့ နောက်က ဒကာ ဒကာမတွေ စဉ်းစဉ်း ခန်းထုတ်ဖို့ ကောင်းတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ဖွားဘက်တော် ရှင်ဆန္နဟာ မြင်လျက်သားနဲ့ နိဗ္ဗာန် မရဘူးဆိုတော့ နိဗ္ဗာန်တည်းဟူသော အာရုံ သူ့မှာ မပေါ် လာဘူးဆိုတာ သူ့စိတ်ထဲ အားကိုးရာမဲ့ဖြစ်ပြီး အားကိုးရာ တစ်ခုခုကို ရှာနေတယ်လို့ အဓိပ္ပါယ် မပေါ်လာဘူးလား...။ (မှန်ပါ့)။

ဒီတော့ အားကိုးရာရှာတယ်ဆိုတော့ တဏှာပါနေ တယ်...။ (မှန်ပါ့)၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

အားကိုးရာရှာတယ်ဆိုတော့ ဒကာ ဒကာမတွေ တဏှာပါနေတယ်...။ (မှန်ပါ့)။

အဲဒီ တဏှာပါနေတော့ကို မောင်ချစ်စိန် နိဗ္ဗာန်က ပေါ်လာပါဦးမလား...။ (မပေါ်လာပါဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြင်လို့လား...မြင်လျက်သား နဲ့လား...။ (မြင်လျက်သားနဲ့ပါဘုရား)။

အဲဒီတော့ ဒီ ဒကာ ဒကာမတွေ ဒီနေ့ စဉ်းစားကြည့်၊ ဒကာ ဒကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပြောသော်လဲ နိဗ္ဗာန်မရတာ ဟောဒီ ရှင်ဆန္နပဲ...(မှန်ပါ့ဘုရား)၊ သဘော ပါပလား...။ (ပါ,ပါပြီဘုရား)။

အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ မြင်လျက်နဲ့ နိဗ္ဗာန်မရတာ ဘယ်သူပါလိမ့်...(ရှင်ဆန္နပါဘုရား)။

**ဘာဖြစ်လို့ မရသတုံး**

ရှင်ဆန္န ဘာဖြစ်လို့ မရသတုံးဆိုတော့ အခုကတည်းက သေသေချာချာ မှတ်ထား၊ ဒါတွေ အကုန် အနတ္တ ဖြစ်ခဲ့လို့ရှိရင် ဘာ အားကိုးရမလဲဆိုတဲ့စိတ်က ဝမ်းထဲ ပေါ်, ပေါ်လာတယ်...။ (မှန်ပါ့)။

အဲဒီတော့ သူ့မှာ အားကိုးရာရှာတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် ဖြစ်နေတော့၊ ခန္ဓာငါးပါး တစ်ပါးပါး အားကိုး ချင်တဲ့စိတ်က ရှိနေတော့ နိဗ္ဗာန် ပေါ်နိုင်ပါ့မလား...။ (မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မမြင်လို့လား၊ မြင်လျက်နဲ့ မရတာလား...။ (မြင်လျက်နဲ့ မရတာပါ ဘုရား)။

အဲဒါကြောင့် ဒီ ဒကာ ဒကာမတွေ ယနေ့ လေးလေး စားစားနဲ့ပဲ ဆရာဘုန်းကြီးက ပြောတယ်၊ ဩော်...အနိစ္စ၊

ဒုက္ခ၊ အနတ္တ မြင်ငြားသော်လဲ...နော်၊ မြင်ရုံနဲ့ မရသေးဘူး ဆိုတာ ရှင်ဆန္နက သက်သေခံနေတဲ့အတွက် တို့မှာလဲ မြင်ပင်မြင်ငြားသော်လဲ မရတဲ့နည်းတစ်မျိုး ရှိသေးသကိုး ဆိုတဲ့ဥစ္စာ ဒီဝတ္ထုက သက်သေခံပြီးသကာလနေသဖြင့် လိုသေးတာ တစ်ခုခုပါရမယ်...။ (မှန်ပါ)၊ လိုတာ တစ်ခုခု ရှိရမယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ...။ (မှန်ပါ့ ဘုရား)။

**ပဋိစ္စသမုပ္ပါဒ် နားမလည်လို့**

လိုတာ တစ်ခုခုရှိတယ်...။ (မှန်ပါ)၊ ကြည့်ပါလား၊ သူ့မှာ လိုတာ ဘာလိုနေသတုံးဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ် ဒေသနာ နားမလည်လို့...(မှန်ပါ)။

မောင်ချစ်စိန် ဘာတဲ့တုံး...(ပဋိစ္စသမုပ္ပါဒ် ဒေသနာ နားမလည်ပါဘုရား)။

အဲဒီ နားမလည်ဘဲနဲ့ ရှုနေလို့...(မှန်ပါ)၊ ကဲ...ဘယ်လောက် အရေးကြီးသတုံး...။ (ကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပါလျက်သားနဲ့ နိဗ္ဗာန်ကို မပေါ်လာတာဟာ ဘာကြောင့်တုံးလို့ မေးရင်ဘယ့်နှယ်ဖြေမတုံး...။ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါ ဘုရား)။

ဒါဖြင့် သူ့ကို ရှေ့ထားပြီး ကြည့်ရမယ်...။ (မှန်ပါ့)၊ ပြီးတော့မှ လက္ခဏာရေးသုံးပါး ရှုရမယ်ဆိုတော့ ဒါ သက်သေခံ လုံလောက်နေတာပဲ...။ (မှန်ပါ့)။

အဲဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ဪ... ဝိပဿနာ ရှု,ရှုဆိုရုံနဲ့ နိဗ္ဗာန်မရသေးပါကလား...။ (မှန်ပါ့)၊ ကိုယ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ ရှုတဲ့အတွက် အားကိုးရာပင် မရှိတော့ဘူး...ဆိုတဲ့ ဆုံးဖြတ်ချက်အသစ်သာ ပေါ်လာပြီး နိဗ္ဗာန်မပေါ်လာဘဲ ဖြစ်တတ်တယ်...။ (မှန်ပါ့)။

မောင်ချစ်စိန် ဘာတုံး...(ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါ ဘုရား)၊ ဒါ ဘုန်းကြီးက ပြောတာ မဟုတ်ဘူး၊ ဒီအတိုင်း လာတယ်...။ (မှန်ပါ့)။

ဒီအတိုင်း လာတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကို နားမလည်ဘဲနဲ့ ရောက်လာရင် ဆရာက ဖြစ်စေ၊ ဆရာဘုန်းကြီးက ဖြစ်စေ ရှုကွ...ရှုကွ၊ ဒါ ရုပ်နာမ်ပဲ၊ ရှုစရာရှိတာပဲ၊ ရုပ်နာမ်ရှုကွလို့ပြောတဲ့ ကမ္မဋ္ဌာန်းဆရာ၊ ကမ္မဋ္ဌာန်းကျောင်းနဲ့ တွေ့လို့ရှိရင်ဖြင့် နိဗ္ဗာန်နဲ့ လွဲပြီ...။ (မှန်ပါ့)၊ မရပေဘူး...။ (မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ ရှုလိုက်တဲ့အခါ အားကိုးစရာတွေက ဘာမှမရှိဘဲ ဖြစ်သွားတယ်။ ဘယ်ဟာ အားကိုးရ

မှာတုံးဆိုတဲ့ ဆုတ်နစ်တဲ့စိတ်တွေက ပြန်ပြန်ပေါ်တတ်တယ်...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)။

ဘယ်ဟာ အားကိုးရမှာတုံးဆိုတဲ့ ဆုတ်နစ်တဲ့စိတ်တွေ ပြန်ပြန်ပေါ်နေတော့ အားကိုးတဲ့ တဏှာက လာပြီးသကာလ နိဗ္ဗာန်ကို ကန့်ကွက်တယ်...။ (မှန်ပါ့)။

**အနှစ် (၄၀) လောက် အားထုတ်တယ်**

အဲဒီ နိဗ္ဗာန်လာပြီး ကန့်ကွက်တဲ့အတွက် ဆန္ဒမှာ တိုတိုပြောကြပါစို့ဆိုတော့ ဘုရားဖြစ်ပြီးတော့ သုဒ္ဓေါဓန မင်းကြီးက မောင်ဆန် မင်း ဘုရားသွားပင့်ချေကွာ...ဆိုတော့ သူ မပြန်လာဘဲနဲ့ ရဟန်းပြုတယ်၊ အဲဒီအချိန်ကစပြီးတော့ သူ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ အားထုတ်တယ်...။ (မှန်ပါ့)။

ဘုရားနှင့်တကွ တပည့်သား သာဝကတွေထံမှာ နေ့စဉ် အားထုတ်တယ်၊ မောင်သစ်...ရကိုမရဘူး...။ (မှန်ပါ့)၊ တိုတိုပြောကြစို့ဆိုတော့ အနှစ် ၄၀ လောက် အားထုတ်တယ် မရဘူး...။ (မှန်ပါ့)။

မရတာ အခု ဒီနေ့ အဓိပ္ပါယ် ဆရာဘုန်းကြီးပြောတော့ ဒကာ ဒကာမတွေ ရှင်းလောက်ပါပြီ...။ (ရှင်းပါပြီ)၊ ဘာနားမလည်လို့လဲ...။ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား)။

ဒါ နားမလည်ဘူး၊ နားမလည်ဘူး၊ နားမလည်တော့ ဘုရား ပရိနိဗ္ဗာန်စံသွားပြီး အဲဒီအချိန်လဲ သူ မောင်သစ် နိဗ္ဗာန်မရသေးဘူး...။ (မှန်ပါ)၊ ခက်လိုက်တာ နှစ်ပေါင်း ၄၀ ပဲ...(မှန်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ယနေ့ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ သူ့ကို နားမလည်ရင် မရနိုင်ဘူး...။ (မှန်ပါဘုရား)။

ဒါနဲ့ ဘုရားကလဲ ပရိနိဗ္ဗာန်စံသွားတော့ ဘုရားအမှီပြုနေတဲ့ပုဂ္ဂိုလ် ဘုရားနဲ့ခွဲပြီးနေရတော့ သူ အားကိုးရာမဲ့ဖြစ်ပြီးသကာလ နိဗ္ဗာန်လဲ မမြင်ရသေးဘူး...။ (မှန်ပါဘုရား)။

ဒါနဲ့ ဟိုကျောင်းသွား၊ ဒီကျောင်းသွား မောင်သစ်၊ သူ့ကျောင်းတံခါးပိတ်ပြီးသကာလ ဟိုကျောင်းသွားမေး၊ အရှင်ဘုရားတို့ တပည့်တော်ကို တရားဟောဦးမှပဲ... (မှန်ပါ)၊ ဟောကြစမ်းပါတဲ့၊ ဟောတော့ ဟောသားပဲ၊ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ ဟောကြပါတယ်၊ ခန္ဓာငါးပါးပဲ ဟောတယ်...။ (မှန်ပါဘုရား)။

ဟောပြန်လဲ သူ့စိတ်ထဲက မောင်ချစ်စိန် မကျေနပ်ဘူး...။ (မှန်ပါ)၊ ဒီတရားတွေ သူမြင်ပြီးသားပဲ...။ (မှန်ပါ)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မြင်ပြီးသားပဲ၊ သို့သော်လဲ နိဗ္ဗာန်မတွေ့ပါဘူး...။ (မှန်ပါဘုရား)။

## မြင်လျက်နဲ့ မရတာ

နိဗ္ဗာန် မတွေ့ပါဘူးတဲ့၊ အဲဒီတော့ သူ ပြောတဲ့စကားကို မောင်သစ်တို့က ထောက်ကြည့်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မမြင်လို့ မရတာ မဟုတ်ဘူး၊ မြင်လျက်နဲ့ မရတာ...။ (မှန်ပါဘုရား)။

ဦးကျော်မောင် ဘာတဲ့တုံး...။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်လျက်နဲ့ မရပါဘုရား)၊ မြင်လျက်နဲ့ မရဘူး၊ ဦးဘသန်း ကျေနပ်ပလား...(ကျေနပ်ပါပြီ)၊ ဘာတဲ့တုံး...။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်လျက်နဲ့ နိဗ္ဗာန်မရပါဘုရား)။

ဒါဖြင့် မောင်ချစ်စိန် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ မောင်ချစ်စိန် နောက်မှ လုပ်ယူ...(မှန်ပါ)၊ သူ့ကို နားလည် အောင် ရှေ့ပိုင်းက ထားလုပ်...။ (မှန်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို...(ရှေ့ပိုင်းကထား လုပ်ရ ပါမယ်)၊ ရှေ့ပိုင်းကထား လုပ်ရမယ်ဆိုတဲ့ဥစ္စာလဲ ရှင်ဆန္ဒ ဝတ္ထုကို ထောက်သဖြင့် သေချာပြီ၊ တို့ဆရာဘုန်းကြီး သင်နေတာ၊ သူ့ကို ရှေ့ထားတယ်...။ (မှန်ပါ)၊ ပြီးတော့မှ အရှုခိုင်းတယ်ဆိုတာလဲ ပေါ်ကြရော့မယ်...။ (ပေါ်ပါတယ်)၊ ဒါဖြင့် ဒီအတိုင်းသာလုပ်...။ (မှန်ပါဘုရား)။

ဘုရားကလဲ သိတယ်၊ ငါ ပရိနိဗ္ဗာန်စံမှ၊ ငါ ပရိနိဗ္ဗာန် စံမှ သူ တရားရှာပြီး ကျကျနန ရှုမယ်၊ ဒီအတိုင်းတော့ ရှုနေတာပဲ၊ ရှုနေပေမယ့် မရနိုင်ဘူး...။ (မှန်ပါဘုရား)။

သူ ရှုလိုက်တဲ့အခါ ဘာ အားကိုးရမှာတုံး၊ ဒါတွေ အကုန် အနတ္တ ဖြစ်ကုန်ပြီ၊ ဘာ အားကိုးရမှာတုံး ဆိုတဲ့ စိတ်သာ ပေါ်,ပေါ်လာတယ်...။ (မှန်ပါ)၊ နိဗ္ဗာန်တော့ မပေါ်လာဘူး...။ (မှန်ပါ)၊ ဘယ်လောက်ခက်တယ်ဆိုတာ သိကြပြီ...။ (သိပါပြီ ဘုရား)။

**ပဋိစ္စ နားလည်မှုကို ရှေ့ထားပါ**

အေး...ဒါကြောင့် ဒကာ ဒကာမတွေ ဝိပဿနာကို ရှေ့ထား မရှုပါနဲ့၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှုကို ရှေ့ထားပါ ဆိုတဲ့ အကြောင်းကို ယနေ့ သက်သေခံ လုံလောက်အောင် ပြောလိုက်ရတယ်...။ (မှန်ပါဘုရား)။

ဘာ ရှေ့ထားရမယ်...။ (ပဋိစ္စသမုပ္ပါဒ်နားလည်မှုကို ရှေ့ထားရပါမယ်)၊ ဝိပဿနာ ရှုမှုကို...(နောက်ထားရပါမယ် ဘုရား)။

နောက်ထားရမယ်ဆိုတော့ မောင်သစ် ဒါ အစဉ်လွဲလို့ မရတဲ့ အဓိပ္ပါယ်ပေါ်နေပြီ...။ (မှန်ပါ)၊ ဘယ်လို ပေါ်လာသတုံး...။ (အစဉ်လွဲလို့မရပါ)၊ ရှေ့နောက် လွဲတာ... (မှန်ပါဘုရား)၊ ရှေ့နောက်လွဲတာနဲ့ မရတာ ပေါ်လာတယ် ဆိုတာ မရှင်းကြသေးဘူးလား...။ (ရှင်းပါပြီဘုရား)။

ဒါနဲ့ ခုနင်ကလို ဟိုကျောင်းသွားပြီး တရားတောင်းပန်၊ ဒီကျောင်းသွားပြီး တရားဟောတော်မူပါ တောင်းပန်

တာ၊ ဟို ကိုယ်တော်တွေ ဟောတာ ဦးကျော်မောင် လွဲသလား၊ မှန်သလား...။ (မလွဲပါဘုရား)။

သူ လိုနေတာနော်...။ (မှန်ပါ)၊ တရားကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တအပြင် ပို ကျင့်စရာရှိသေးရဲ့လား...။ (မရှိပါ)၊ ပေါင်းလိုက်တော့ ဖြစ်ပျက်ဆိုတဲ့ဥစ္စာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပေါင်းချုံးပြီးသကာလ ပြောတဲ့စကား...(မှန်ပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဒီ ကိုယ်တော်ဟောတဲ့သဘောနဲ့ သူ ရှုကြည့်တယ်...တဲ့၊ နဂိုကလဲ ရှုပါတယ်...။ (မှန်ပါ)၊ နောက်ထပ်လဲ ကိုယ်တော်တွေ သင်နည်း ရှုကြည့်တဲ့ အခါကျတော့ အကုန် အနတ္တတွေဖြစ်သွားတာ မြင်လိုက်သားပဲ...။ (မှန်ပါ)၊ အကုန် အနတ္တဆိုရင် ဘာအားကိုးရမလဲ ဆိုတဲ့ စိတ်က သူ့စိတ်ထဲ ပြန်ပြန်လာတယ်...။ (မှန်ပါဘုရား)။

အဲဒီတော့ အနတ္တဉာဏ်ပေါ်လိုက်၊ အားကိုးချင်တဲ့ တဏှာက နောက်က လိုက်လိုက်၊ အားကိုးရာရှာတဲ့ တဏှာက နောက်က လိုက်တယ်...။ (မှန်ပါဘုရား)။

ဒီလို ဖြစ်နေတော့ ခန္ဓာတို့၏ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန် မပေါ်လာဘူး...။ (မှန်ပါ)၊ သူ အားကိုးရာရှာတာကိုး၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**ဥစ္ဆေဒဒိဋ္ဌိ ဝင်နေတယ်**

အဲဒီတော့ သူ့မှာ ဘာဖြစ်နေသတုံးဆိုတော့မှ လိုရင်း အကျဉ်းချုပ် ပြောကြပါစို့ဆိုရင်, အကုန်အနတ္တဖြစ်လို့ရှိရင် ဘာမှ အားကိုးစရာ မရှိဘူး၊ ပြတ်သွားတာပဲဆိုတဲ့ ဥစ္ဆေဒ ဒိဋ္ဌိဝင်တယ်...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ ဘုရား)။

ဘာဝင်နေသတုံး...(ဥစ္ဆေဒဒိဋ္ဌိဝင်နေပါတယ်ဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိဝင်နေလို့ရှိရင် ဒိဋ္ဌိက မဂ်တားမှာပဲ...။ (မှန်ပါ့)၊ မပေါ်လာသေးဘူးလား...။ (ပေါ်လာပါပြီဘုရား)။

ဒိဋ္ဌိက ဘာတားသတုံး...။ (မဂ်တားပါတယ်)၊ ဒိဋ္ဌိ႟ာ မဂ်တားတယ် ဆိုသဖြင့် ဒိဋ္ဌိကွာမှုဟာ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိကွာတယ်...။ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကွာပြီး အားထုတ်မှ ဒိဋ္ဌိကိုမြင်တဲ့ ဉာတပရိညာ ဆိုတဲ့ သိမှုနဲ့ ကွာပြီး အားထုတ်မှ...(ဝါ) အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆုံးသွားပြီးသည့်နောက် ခန္ဓာ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ပေါ်လာတာကို သဘောကျပလား...။ (မှန်ပါ့)၊ နို့ မဟုတ်လို့ရှိရင်ဖြင့် သဘောမကျနိုင်ပါဘူးဆိုတာ မောင်သစ်တို့ ပေါ်မြဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေ ယနေ့ ဘုရား ဒေသနာတော်ကို ဘုန်းကြီးက ဟောပြီးသကာလနေတော့ ဩော်... ရှေ့နောက်လွဲလို့ရှိရင်လဲ အချိန်သာကြာ၍ မီးမတောက်ပါလား...။ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်...(ရှေ့နောက်လွဲလို့ရှိရင် အချိန်သာ ကြာ၍ မီးမတောက်ပါဘုရား)။

ရှေ့က ပဋိစ္စသမုပ္ပါဒ် နားလည်မှု၊ နောက်က ဝိပဿနာ အားထုတ်မှု...(မှန်ပါ့)။

ဒီနှစ်ခုရှိမှသာလျှင် ဖြစ်နိုင်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ယနေ့ ဒီဝတ္ထုက သက်သေခံပြီး ရှင်းသွားတယ်...။ (မှန်ပါ့)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ဒါနဲ့ ဆန္ဒပဲ ဆက်ကြစို့၊ မောင်သစ်တို့ သူ့ သာဝတ္ထိပြည်မှာ နေပြီး၊ ကိုယ်တော်တွေ တရားဟောပြီး ဟောပေမယ့်လဲ သူ ဒါတွေ မြင်ပြီးသား၊ ဖြစ်ပြီးသား သူက... (မှန်ပါ့)၊ မြင်တော့ မြင်တာ အမှန်ပဲ သူက၊ နိဗ္ဗာန်သာ မရတာ...။ (မှန်ပါ့)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်...အနိစ္စ, ဒုက္ခ, အနတ္တ မြင်ပေမယ့် တစ်ခုသော တရားသိမှုကို လိုနေသေးရင် နိဗ္ဗာန် မရသေးဘူးဆိုတာ လုံလောက်ပြီ...။ (မှန်ပါ့)၊ သက်သေခံ မလုံလောက်သေးဘူးလား...။ (လုံလောက်ပါပြီဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

အေး…ဒါကြောင့် မောင်သစ်၊ ဆရာသမားဟာ တော်တော် အရေးကြီးပါတယ်…။ (ကြီးပါတယ်ဘုရား)။

ရှေ့နောက် အစဉ်တည့်ပေးတတ်တဲ့ ဆရာ၊ ဘယ်ဟာ အရင်ဟောပြောပြီးမှ ဘယ်ဟာ နောက်ဟောမှသာလျှင် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် ကျွတ်ရမယ်…။ (မှန်ပါ့)၊ ဒီ ရှင်ဆန္နဟာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲ…။ (မှန်ပါ့)။

**ရှေ့နောက် လွဲနေလို့**

ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဟာ နှစ်ပေါင်း ၄၀ တိုင်တိုင် အားထုတ်တာ မောင်ချစ်စိန် မကျွတ်တာ၊ နိဗ္ဗာန်မမြင်တာ ဘာတုံးမေးလို့ရှိရင် ရှေ့နောက် လွဲနေလို့…(မှန်ပါ့ဘုရား)။

ဘာ လွဲနေသလဲ…(ရှေ့နောက် လွဲနေပါတယ်ဘုရား)၊ ရှေ့နောက် လွဲနေတယ်လို့ ဒကာ ဒကာမတွေက မှတ်ကြပါ၊ ပဋိစ္စသမုပ္ပါဒ် သိမှုကို ရှေ့ထားရမယ်…။ (မှန်ပါ့)၊ ကျင့်မှုကို နောက်ထားရမယ်…။ (မှန်ပါ့)။

အခုတော့ ကျင့်မှုက ရှေ့ရောက်ပြီးသကာလ သိမှုက ချွတ်ယွင်းချက် ဖြစ်နေတယ်…။ (မှန်ပါ့)။

သိမှုက ဘာပါလိမ့်…။ (ချွတ်ယွင်းနေပါတယ်ဘုရား)။

သိမှုက ချွတ်ယွင်းချက်ဖြစ်နေတော့ မောင်သစ် နှစ်ပေါင်း ၄၀ တိုင်တိုင် ခဲလေသမျှ သဲရေကျ ဖြစ်ရာ

တယ်…။ (မှန်ပါ့)၊ မနာဘူးလား…။ (နာပါတယ်ဘုရား)၊ အင်မတန်နာတယ်ဆိုတာ ပေါ်ကြပလား…။ (ပေါ်ပါပြီ)။

ဒါဟာ မောင်ချစ်စိန် သေးသေးသိမ်သိမ်စကားလို့ ဒီဥစ္စာ မှတ်လို့ မရဘူး…။ (မှန်ပါ့)။

ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း နှစ်ပေါင်း ၄၀ တိုင်တိုင် အားကြိုးမာန်တက် သတိ, သမာဓိ, ပညာ, ဝီရိယတွေနဲ့ ကြိုးစားငြားသော်လဲ ကန့်ကွက်တဲ့တရားကို ရှင်းမထားမိလို့ ကန့်ကွက်မြဲ ကန့်ကွက်နေတယ်…။ (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်တော့ ဒိဋ္ဌိက ခံနေတယ်…။ (မှန်ပါ့)။

အကုန် အနတ္တဖြစ်လို့ရှိရင် ဘာ အားကိုးမလဲ၊ အားကိုးချင်တဲ့ စိတ်ကလေးက ကန့်ကွက်နေတယ်…။ (မှန်ပါ့)။

အဲ…နှစ်ပေါင်း ၄၀ ကျော်တိုင်တိုင် ဦးဘသန်း အဟောသိကံ ဖြစ်နေတယ်…။ (မှန်ပါ့)၊ မနာဘူးလား…။ (နာပါတယ်ဘုရား)။

နောက်ဆုံးပိတ်ကျမှ နောက်ဆုံးပိတ် ရှင်အာနန္ဒာက သူ ပဋိစ္စသမုပ္ပါဒ် ပြောပြမယ်၊ ပြောပြီးမှ အားထုတ်တော့ သူ ကျွတ်ပါလိမ့်မယ်…။ (မှန်ပါ့)၊ ဒီ ဝတ္ထု ဆုံးပါလိမ့်မယ်၊ ယနေ့ ပြောလို့…။ (မှန်ပါ့)။

ကဲ…မောင်သစ်တို့၊ နောက်က ဒကာ ဒကာမတို့၊ ဩော်…ရှေ့နောက် လွဲလို့ရှိရင် ကိုယ်ကျိုးနည်းပါလားဆိုတာ ပေါ်လာတယ်…။ (မှန်ပါ)၊ မပေါ်ဘူးလား…။ (ပေါ်ပါတယ် ဘုရား)။

ရှေ့နောက်လွဲရင်…(ကိုယ်ကျိုးနည်းပါတယ် ဘုရား)။

ကဲ…ဦးကျော်မောင် တကယ်စစ်လိုက်တော့ ခက်မနေဘူးလား…။ (ခက်နေပါတယ်ဘုရား)။

ဦးဘသန်း တကယ်စစ်လိုက်တဲ့အခါကျတော့ ဆရာသမားကလဲ တယ်လိုပါကလားဆိုတဲ့ အဓိပ္ပါယ် ပေါ်လာတယ်…။ (ပေါ်လာပါတယ်ဘုရား)။

မောင်သစ်တို့ မပေါ်သေးဘူးလား…။ (ပေါ်ပါပြီ)၊ ပေါ်သွားပြီနော်…။ (မှန်ပါ)။

ဒါနဲ့ သူ သာဝတ္ထိပြည်ကနေပြီး ခုနင်က ကိုယ်တော်တွေ ဟောတာကို အားထုတ်တယ်၊ အားထုတ်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မြင်ပါတယ်၊ မြင်ပင် မြင်ငြားသော်လဲ နိဗ္ဗာန် မပေါ်လာဘူး၊ ဘယ်ဟာ အားကိုးရမလဲဆိုတဲ့ စိတ်တောင် နောက်ထပ် ပေါ်,ပေါ်နေသေးတယ်၊ နိဗ္ဗာန်မပေါ်လာတဲ့အပြင်…(မှန်ပါ)၊ ဒီလိုဆိုတော့ အင်မတန် မနစ်နာဘူးလား…။ (နစ်နာပါတယ်ဘုရား)။

**ရှင်အာနန္ဒာက ကောသမ္ဗီပြည်မှာ**

နစ်နာတာနဲ့ သူ့နဲ့ ဖွားဘက်တော်ဘယ်မှာ ရှိသတုံး သွားရှာစမ်းတော့ ကောသမ္ဗီပြည်မှာ ရှင်အာနန္ဒာက ရှိတယ်...။ (မှန်ပါ့)၊ သူက သာဝတ္ထိပြည်ရောက်နေတယ်...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ ဒီ ကိုယ်တော်တွေဟောတဲ့ တရားနဲ့တော့ သူ နိဗ္ဗာန်နဲ့ ဝေးပါသေးတယ်...။ (မှန်ပါ့)၊ ဒီတရား သူ အားထုတ်ကြည့်တယ်၊ မြင်သားပဲ၊ မြင်ပေမယ့်လဲ ဘာ အားကိုရမလဲဆိုတဲ့စိတ်တောင် နောက်ထပ် ပြန်ပြန် လာသေးတယ်။

စိတ်ပေါ်လိုက်, အနတ္တကလေး ပေါ်လိုက်၊ အားကိုးရာ မရှိဘူးဆိုတဲ့ စိတ်က ပေါ်လိုက်၊ ဒီလိုဖြစ်နေတယ်...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ ကဲ...သွားမှပဲဆိုပြီး, ပရိက္ခရာ သက်န်းကလေး ယူပြီး, ကျောင်းတံခါးပိတ်ပြီး ကောသမ္ဗီပြည် သူ သွားတယ်...။ (မှန်ပါ့ဘုရား)။

ရှင်ဆန္န ကောသမ္ဗီပြည်သွားတော့ သွား,သွားချင်းပဲ ရှင်အာနန္ဒာနဲ့ တွေ့တယ်၊ ရှင်အာနန္ဒာ အရှင်ဘုရားနဲ့ တပည့်တော် ဖွားဘက်တော်ချင်းလဲ ဖြစ်တယ်၊ နန်းတော် ထဲမှာ အတူတူကြီးခဲ့ကြတယ်၊ ကပိလဝတ်ပြည်မှာ...

(မှန်ပါ့)၊ အဲဒီတော့ တပည့်တော်ကိုတော့ တရားထူး တရားမြတ် ဟောမှ တော်မယ်၊ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်၊ တဏှာသိမ်းတဲ့ နိဗ္ဗာန်ကို တပည့်တော် ဘယ်ဟာ မှန်းလဲ မသိဘူး။

တပည့်တော်ဟာ သာဝတ္ထိပြည်မှာ နေပါတယ်၊ တပည့်တော် ဟောကြပါဦးဆိုပြီး ကျောင်းတိုင်း ရဟန်းတော် တို့ကို အဟောခိုင်းပါတယ်၊ ကိုယ်တော်တွေလဲ ဟောကြ တယ်။

ဟောကြတဲ့အတိုင်း အားထုတ်ကြည့်တော့ သူတို့ ဟောတာ တပည့်တော် အရင်တုန်းက အမြင်နဲ့ ပြန်ပြီးတော့ အရင်တုန်းကလဲ တပည့်တော် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို မြင်တာပါပဲတဲ့၊ ကိုယ်တော်တွေကလဲ ဒါကို ထပ်ဟောတယ်၊ အဲဒီ ဟောတဲ့အတိုင်း အားထုတ်ကြည့်ပြန်တော့လဲ နိဗ္ဗာန်က မပေါ်လာဘူး...တဲ့။ မပေါ်လာတဲ့အပြင် အကုန် အနတ္တ ဖြစ်လို့ရှိရင် ဘာ အားကိုးရမလဲဆိုတဲ့ စိတ်က ပြန်ပြန် လာတယ်တဲ့...။ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ရှင်အာနန္ဒာပဲ အားကိုးရာရှိတော့ တယ်...။ (မှန်ပါ့)၊ သူ အကုန်ထုတ်ပြောတာပဲ...။ (မှန်ပါ့ ဘုရား)။

ဒါနဲ့ ရှင်အာနန္ဒာက မောင်သစ် စဉ်းစားကြည့် တယ်...။ (မှန်ပါ့)၊ ဘယ့်နှယ်တုံး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

မြင်လျက်နဲ့ နိဗ္ဗာန်မရဘူးဆိုတဲ့ဥစ္စာ ဒီ ဆန္ဒ ဘာများ လိုနေလို့ ပါလိမ့်...။ (မှန်ပါ့ဘုရား)။

ဟာ...ရှင်အာနန္ဒာက တွေးမိပြီ...။ (မှန်ပါ့)၊ ရှင်အာနန္ဒာက တွေးမိပြီ၊ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာကို မသိသေးဘူး...။ (မှန်ပါ့)၊ ခန္ဓာကိုယ်သာကြည့်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေသာ အားထုတ်နေတာပဲ၊ အကျိုးအကြောင်း သိမ်းဆည်းတဲ့ သဘောကို နားမှ မလည်သေးဘဲ၊ ဒါကြောင့် အကုန် အနတ္တဖြစ်ခဲ့လို့ရှိရင် ဘာအားကိုးရမလဲဆိုတဲ့ စိတ်သာ လာတယ်၊ နိဗ္ဗာန်မပေါ်လာတဲ့ဥစ္စာ ပဋိစ္စသမုပ္ပါဒ် မသုံးသပ်ဘဲနဲ့ အရမ်းအားထုတ်နေလို့ ဖြစ်နေတာ...။ (မှန်ပါ့ဘုရား)။

ရှင်အာနန္ဒာက သူ့ကို စွဲချက်တင်လိုက်တယ်၊ မလုံလောက်ဘူးလား...။ (လုံလောက်ပါတယ်)၊ နှစ်ပေါင်း ၄၀ လောက် မောင်ချစ်စိန် မနာဘူးလား...။(နာပါတယ်)၊နောက်က ဒကာ ဒကာမတွေ မနာဘူးလား...။(နာပါတယ်)၊ဘာလို နေတာတုံး...။ (ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာပါဘုရား)။

စက်ဝိုင်းဒေသနာကို သူ့စိတ်ထဲ မရှင်းဘူး...။ (မှန်ပါ့ဘုရား)၊ မရှင်းဘူး၊ သိဖို့လဲ နှလုံးမသွင်းဘဲနဲ့ အရမ်းကြိုးစားနေတဲ့ အဓိပ္ပါယ် မောင်သစ် မရောက်ဘူးလား...။ (ရောက်ပါတယ်ဘုရား)။

**မလေ့လာဘဲနဲ့ အားထုတ်လို့ မရတာ**

ကိုင်း...ဒါဖြင့် ရှင်အာနန္ဒာက စဉ်းစားလိုက်တယ်၊ သူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်တယ်၊ မြင်ပေမယ့် နိဗ္ဗာန်က မပေါ်လာ၊ အကုန် အနတ္တဖြစ်လို့ရှိရင် ဘာ အားကိုးရမလဲဆိုတဲ့ တဏှာကသာလျှင် ပြန်ပြန်လာတယ်...။ (မှန်ပါ)၊ သြော်...ငါ သိပြီ၊ ပဋိစ္စသမုပ္ပါဒ် မလေ့လာဘဲနဲ့ အရမ်းအားထုတ်နေလို့ မရတာ...(မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး...။ (ပဋိစ္စသမုပ္ပါဒ် မလေ့လာဘဲနဲ့ အရမ်းအားထုတ်နေလို့ပါ ဘုရား)။

အရမ်းအားထုတ်နေတယ်...။ (မှန်ပါ)၊ အရမ်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားထုတ်နေတယ်...။ (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို လည်လည်ဝယ်ဝယ် သိပြီးသကာလ အားထုတ်တာ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ်လာတယ်...။ (မှန်ပါဘုရား)၊ ရှင်းပြီးနော်...။ (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါနဲ့ ရှင်အာနန္ဒာက သူ့စိတ်ထဲမှ သြော်... နိဗ္ဗာန်တော့ လိုချင်တာ အမှန်ပဲ...။ (မှန်ပါ)၊ သူက စဉ်းစားကြည့်တယ်၊ ဆန္ဒဟာ နိဗ္ဗာန်လိုချင်တာတော့ အမှန်ပဲ။

နိဗ္ဗာန်လိုချင်ပြီး မရတာလဲ ငါသိပြီ၊ တွေးမိတဲ့အချိန်မှာ သူ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာကို သဘောမကျလို့ မရတာလဲ ငါ သိပြီဆိုပြီးသကာလ သူ့ကို နည်းနည်းချော့ဦးမှပဲဆိုပြီး ရှင်အာနန္ဒာက သူ့ကို ချော့တယ်...။ (မှန်ပါ့)။

**မပူနဲ့ မင်း နိဗ္ဗာန်ရထိုက်တဲ့ ပုဂ္ဂိုလ်**

မင်း မပူနဲ့ဟေ့...၊ မင်း နိဗ္ဗာန်ရထိုက်တဲ့ ပုဂ္ဂိုလ်ပဲ... (မှန်ပါ့)၊ မင်း နိဗ္ဗာန်ရထိုက်တဲ့ ပုဂ္ဂိုလ်ပါကွာ၊ မင်း ဘယ်မရဘဲ ရှိမလဲ၊ မင်း ရမယ်ကွ...တဲ့...။ (မှန်ပါ့)။

နဂိုက စိတ်က ခပ်ပျက်ပျက်ဖြစ်နေတဲ့ဥစ္စာ မောင်သစ်...ပျော်သွားတာပေါ့၊ ရှင်အာနန္ဒာက ပြောလိုက်တော့... (မှန်ပါ့ဘုရား)။

မင်း ဒါလောက် နိဗ္ဗာန်လိုချင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပဲ၊ မင်း ရ,ရမှာပေါ့၊ ဘယ်မှာ မရဘဲ ရှိမတုံး...။ (မှန်ပါ့ဘုရား)။

ချွတ်ယွင်းချက်ကလဲ သူ သိတယ်၊ စိတ်ဆုတ်နစ်မှာစိုးလို့လဲ သူက ဝမ်းမြောက်အောင်လို့ လုပ်ပေးလိုက်တယ်...။ (မှန်ပါ့)။

နေဦးကွ...တဲ့၊ ငါ သတိရတုန်း မွေလိုက်ဦးမယ်၊ မွေနှောက်မယ်...။ (မှန်ပါ့)၊ မင်းနဲ့တော်တဲ့ တရား ရှာဦးမကွ

တဲ့ ဆိုတော့ သူ့စိတ်ထဲမှာ အားရှိသွားတာပေါ့၊ ဟိုကလဲ ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်ကြီးကိုး...။ (မှန်ပါ့ဘုရား)။

မင်းနဲ့ တော်တဲ့တရား ငါ ရှာဦးမဟာဆိုပြီး ချော့ပြီ လိုတာကို သူ့ဝမ်းထဲက သိနေပြီ...။ (မှန်ပါ့ဘုရား)။

ဟာ...ဆန္ဒ တွေ့ပြီဟေ့...တဲ့၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီး သက်တော်ထင်ရှားရှိတုန်းက ကစ္စာနအနွယ်ကို ဟောတဲ့ သဿတ, ဥစ္ဆေဒခွာတဲ့ တရား ရှိတယ်ကွတဲ့ အဲဒါ မင်းနဲ့ သိပ်တော်တာပဲတဲ့...။ (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ကို သူ ပြတော့မှာကိုး...။ (မှန်ပါ့ဘုရား)။

မနေ့က ပြောခဲ့တယ် မဟုတ်လား၊ ပဋိစ္စသမုပ္ပါ်် နားလည်တော့ သဿတလဲ စင်ပါတယ်၊ ဥစ္ဆေဒလဲ စင်ပ တယ်လို့ မပြောခဲ့ဘူးလား...။ (ပြောခဲ့ပါတယ်ဘုရား)။

**ကစ္စာနအနွယ် ရဟန်းကို ဟောတဲ့ တရား**

အဲဒါ မင့်အတွက် တွေ့ပြီကွ၊ ကစ္စာနအနွယ် ဟောတ တရား၊ သဿတ, ဥစ္ဆေဒခွာတဲ့တရား ရှိတယ်ကွ၊ အဲဒ မင်း နာစမ်းကွ၊ ဘုရားဟောတော်မူတယ်ကွ ဆိုပြီးတော ရှင်အာနန္ဒာက ဟောတယ်။

"ဒွယနိဿိတောခေါ် ကစ္စာန လောကော
ယေဘုယျေန အတ္ထိတဉ္စ နတ္ထိတဉ္စ"

ဘုရားက ကစ္စာနရဟန်းကို ဟောတယ်၊ သူ ရအောင်လို့...(မှန်ပါ)၊ လောကကြီး၏ဖြစ်စဉ်ကို သိလို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိ မရှိဘူးကွတဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ လောကကြီးကိုဗျ...။ (မှန်ပါဘုရား)။

လောကကြီး၏ ချုပ်စဉ်ကို သိလို့ရှိရင်လဲ...တဲ့၊ သဿတဒိဋ္ဌိ မရှိဘူးကွတဲ့...။ (မှန်ပါဘုရား)။

လောကကြီး၏ဖြစ်စဉ် သိလို့ရှိရင်... (ဥစ္ဆေဒဒိဋ္ဌိ မရှိပါ)၊ လောကကြီး၏ ချုပ်စဉ် သိလို့ရှိရင်...(သဿတဒိဋ္ဌိ မရှိပါဘုရား)။

အဲဒါ ဘုရားက ကစ္စာနအနွယ်ဖြစ်တဲ့ ရဟန်းကို ဟောထားတယ်ကွ...တဲ့၊ နောက်ဆုံးပိတ်ကျတော့ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံနိရုဇ္ဈမာနံ နိရုဇ္ဈတိ၊ ဧတ္တာဝတာခေါ် ကစ္စာနသမ္မာဒိဋ္ဌိ ဟောတိ" ဒါ ဟောတယ်ကွတဲ့...။ (မှန်ပါဘုရား)။

ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာလဲ ဒုက္ခ၊ ဒါကိုသိလို့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပါတယ်တဲ့...။ (မှန်ပါဘုရား)။

ပြီးတော့မှ လောကသမုဒယဆိုတာ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းကွ၊ လောကနိရောဓ–လောကကြီးချုပ်သွား

တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်းကွဆိုပြီး ဒါကို ကောက်ဟောတယ်…။ (မှန်ပါ့)၊ ကောက်ဟောပြီးတော့ အားထုတ်ခိုင်းတော့တာပဲနော်…။ (မှန်ပါ့ဘုရား)။

ကိုင်း…ဒါသည်ကား ဒကာ ဒကာမတွေ ရှင်အာနန္ဒာက ပါဠိကို ဒီလို ဟောပြားသော်လဲ ကျုပ်တို့ ခင်ဗျားတို့မှာ တော့ဖြင့် ဒါလောက်နဲ့ မရသေးပါဘူး…။ (မရသေးပါ)၊ ဒါလောက်နဲ့ မရသေးပါဘူး။

အဲဒီတော့ ဒကာ ဒကာမတွေက ကိုယ့်ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်ပါနော်…။ (မှန်ပါ့)၊ ကြည့်ကြ, ကြည့်ကြ၊ ဒီက ပြပေးမယ်။

**ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်**

လောကကြီးဟာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သိကြပြီနော်…။ (မှန်ပါ့)၊ သင်္ခါရကြောင့် ဘာဖြစ်သတုံး…။ (ဝိညာဏ်ဖြစ်ပါတယ်)၊ ဩော်…ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်…(သဠာယတနဖြစ်ပါတယ်)၊ သဠာယတနကြောင့်…(ဖဿဖြစ်ပါတယ်)၊ ဖဿကြောင့်…(ဝေဒနာဖြစ်ပါတယ်ဘုရား)။

ဝေဒနာဖြစ်တယ်ဆိုတော့ လောကကြီးဟာ ဒီလိုပဲ ရှေ့ကအကြောင်း နောက်ကအကျိုး, ရှေ့ကအကြောင်း နောက်က အကျိုး…(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ရှေ့က ဘာတုံး...။ (အကြောင်းပါ)၊ နောက်က...(အကျိုးပါဘုရား)။

ဤကဲ့သို့ သိသွားတော့ လောကကြီးထဲမှာတဲ့ ရှေ့က အကြောင်း နောက်က အကျိုး, ရှေ့က အကြောင်း နောက်ကအကျိုးချည့်ပဲဖြစ်နေတော့ ဩော်...လောကကြီးဟာ အစဉ်မပြတ်ပါလားလို့ဆိုတာ မသိနိုင်ဘူးလား...။ (သိနိုင်ပါတယ်ဘုရား)။

ရှေ့က အကြောင်း နောက်က အကျိုး, ရှေ့က အကြောင်း နောက်ကအကျိုးချည့်သွားတော့ ဝိုင်းမသွားဘူးလား...။ (ဝိုင်းသွားပါတယ်ဘုရား)။

မောင်ချစ်စိန် ရှေ့က ဘာတဲ့တုံး...။ (ရှေ့က အကြောင်းပါ)၊ နောက်က...(အကျိုးပါဘုရား)။

တစ်ခါ အဲဒီအကျိုးက အကြောင်းပြန်ဖြစ်ပြန်ရော...(မှန်ပါ့)၊ သူက ရှေ့က အကြောင်း ပြန်ဖြစ်ရော...(မှန်ပါ့)၊ နောက်က ဘာဖြစ်မလဲ...(အကျိုးဖြစ်ပါတယ်ဘုရား)။

**ပုဂ္ဂိုလ် သတ္တဝါ မရှိ အကြောင်းအကျိုးသာ ရှိတယ်**

ဒါဖြင့် လောကကြီးထဲမှာ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ အကြောင်းအကျိုးသာ ရှိတယ်...။ (မှန်ပါ့)၊ ဒါကလေး မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

လောကကြီးထဲမှာ...(ပုဂ္ဂိုလ် သတ္တဝါမရှိ၊ အကြောင်း အကျိုးသာ ရှိပါတယ်၊ သင်္ကာယဒိဋ္ဌိ အပြန်အလှန် ခွာပေးနေဘာ...(မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဘာ ခွာပေးလိုက်သတုံး...။ (သင်္ကာယဒိဋ္ဌိခွာပေးပါတယ်)။

သင်္ကာယဒိဋ္ဌိ ခွာပေးလိုက်တော့တို့ ရှေ့က အကြောင်းက ချုပ်သွားပြီးတော့ နောက်က အကျိုးက ပေါ်ပြန်တယ်...။ (မှန်ပါ)၊ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)။

ပေါ်သွားတာ ကြည့်လိုက်ပြန်တဲ့အခါကျလို့ရှိရင်... သြော်...အကြောင်းချုပ်ပြီးတော့ အကျိုးပေါ်တာပဲ၊ အကြောင်းချုပ်ပြီး အကျိုးပေါ်တာပဲဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ဥပမာ ဖဿချုပ်ပြီး ဝေဒနာပေါ်တာပဲ၊ ဝေဒနာချုပ်ပြီးတော့...(တဏှာပေါ်ပါတယ်ဘုရား)။

တဏှာပေါ်တာ သိလိုက်တော့ ခိုင်မြဲတာ ပါသေးသလား...။ (မပါ,ပါ)၊ တစ်ခုခုချုပ်ပြီးမှ တစ်ခုဖြစ်လာတာ...။ (မှန်ပါ)၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာလဲ ဘာတုံး...။ (တစ်ခုချုပ်ပြီးမှ တစ်ခုပေါ်တာပါဘုရား)။

တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တာပဲဆိုတာ မပေါ်လာဘူးလား...။ (ပေါ်လာပါတယ်)၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တာ

ပေါ်လာတော့ ဩော်...သင်္ခတ ရှိသေးသလား...။ (မရှိပါဘုရား)။

**သက္ကာယဒိဋ္ဌိ ကွာတယ်**

ခုနင်က ၁–နံ့ပါတ် ပြလိုက်တာက အကြောင်းနဲ့ အကျိုးရှိတယ်လို့ သိတာက သက္ကာယဒိဋ္ဌိ ကွာတာ...။ (မှန်ပါ့)၊ ဒုတိယပြလိုက်တာက အကြောင်းချုပ်ပြီးမှ အကျိုးဖြစ်တယ်...။ (မှန်ပါ့)၊ နောက်တစ်ခါ အကျိုးချုပ်ရင် အကျိုးကလေးက ချုပ်သွားပြန်တယ်၊ ချုပ်သွားပြီး နောက်က အကြောင်းဖြစ်လာပြီးသကာလ နောက်က အကျိုးတစ်ခု မပေါ်လာဘူးလား...။ (ပေါ်လာပါတယ်)၊ ဖဿချုပ်ပြီးတော့မှ...(ဝေဒနာပေါ်ပါတယ်)၊ ဝေဒနာချုပ်ပြီးတော့မှ...(တဏှာပေါ်ပါတယ်ဘုရား)။

ဩော်...လောကကြီးထဲမှာလဲ ဒါ လောကပဲ...။ (မှန်ပါ့)၊ ခိုင်တာမြဲတာ ရှိသေးသလား...။ (မရှိပါဘုရား)။

**သင်္ခတဒိဋ္ဌိစင်ပြီ**

မရှိတော့ သင်္ခတဒိဋ္ဌိက စင်သွားပြီ...။ (မှန်ပါ့)၊ မစင်ဘူးလား...။ (စင်ပါတယ်)၊ ၁–နံ့ပါတ်တုန်းက အကြောင်းနဲ့ အကျိုးလှည့်နေတယ်ဆိုတုန်းက...(သင်္ခတဒိဋ္ဌိ)၊ သက္ကာယဒိဋ္ဌိ စင်တယ်...။ (မှန်ပါ့ဘုရား)။

နောက်က ဒကာ ဒကာမတွေ အေးစက်စက်လုပ်မနေနဲ့၊ တော်တော်အရေးကြီးတယ်...။ (မှန်ပါ့)၊ အခုပြောတဲ့စကားဟာ အင်မတန် အရေးကြီးတယ်။

၁–နံပါတ်ထဲက ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ အဖြစ်ချည့်ပြတာက ပုဂ္ဂိုလ်သတ္တဝါ မပါဘူး ပြတာ... (မှန်ပါ့)၊ ဘာဒိဋ္ဌိစင်သွားသတုံး...။ (သဿတဒိဋ္ဌိ စင်သွားပါတယ်)၊ သက္ကာယဒိဋ္ဌိ စင်သွားပါတယ်၊ သက္ကာယဒိဋ္ဌိ စင်သွားတယ်...။ (မှန်ပါ့ဘုရား)။

အင်း...သဿတစင်အောင်လုပ်ဦးမှ...(မှန်ပါ့)၊ သဿတစင်အောင်လုပ်ဦးမယ်၊ ဂရုစိုက်ပြီး နားထောင်ပါ၊ သက္ကာယစင်သွားတာတော့ ရှင်းသွားပြီ...။ (မှန်ပါ့ဘုရား)။

အကြောင်းတွေ၊ အကျိုးတွေလှည့်နေရင် အကြောင်းနဲ့ အကျိုးသာ လှည့်နေတယ်လို့ သိလို့ရှိရင်လဲ စိတ်က ဘယ်လို မှတ်မလဲ...(သက္ကာယဒိဋ္ဌိစင်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘာတုံး...။ (သက္ကာယဒိဋ္ဌိစင်ပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိစင်တယ်၊ ဒီထဲ ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

အကြောင်းနဲ့ အကျိုးနဲ့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး...(မှန်ပါ့)၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမရယ်လို့ ဒီထဲမှာ ပါသေးရဲ့လား...။ (မပါ,

ပါဘုရား)၊ လောကကြီးထဲလေ…ဒါ လောကပဲ…(မှန်ပါ)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)။

ဘာ ဒိဋ္ဌိ စင်သတုံး…။ (သက္ကာယဒိဋ္ဌိ စင်ပါတယ် ဘုရား)။

ဒီ ဒုတိယအချက် ပြောပါတော့မယ်၊ အကြောင်း ချုပ်ပြီးမှ မောင်သစ်ရ အကျိုးဖြစ်ရတာ…။ (မှန်ပါ)၊ အဲဒီ အကျိုးက တစ်ခါ အကြောင်းသဖွယ်ဖြစ်ပြီး ချုပ်သွားပြီး တော့မှ နောက်တရား မပေါ်ရဘူးလား…။ (ပေါ်ရပါတယ် ဘုရား)။

ဒါဖြင့် ဖဿနိရောဓာ–ဖဿချုပ်မှ…(ဝေဒနာဖြစ်ပါ တယ်ဘုရား)၊ မဟုတ်ဘူးလား…။ (မှန်ပါ)၊ ဝေဒနာ ချုပ်သွားတော့မှ…(တဏှာပေါ်ပါတယ်ဘုရား)၊ တဏှာချုပ် သွားတော့…(ဥပါဒါန်ပေါ်ပါတယ်ဘုရား)။

ဩော်…ဒါဖြင့် ချုပ်ပြီးမှ ပေါ်တဲ့ တရားတွေပဲ၊ အကြောင်းချုပ်ပြီးမှ အကျိုးပေါ်တဲ့ တရားတွေပဲလို့ကော မသိရဘူးလား…(သိရပါတယ်ဘုရား)။

သိရတော့ ပတ်မိအောင် လှည့်လိုက်တဲ့အခါကျတော့ မချုပ်တဲ့တရား ပါသေးရဲ့လား…။ (မပါ,ပါဘုရား)။

အဲဒီတော့ ခိုင်မြဲတဲ့တရား ပဋိစ္စသမုပ္ပါဒ် ဒေသနာထဲ ပါသေးရဲ့လား…။ (မပါ,ပါဘုရား)၊ ဒီလို သိသွားပြန်တော့ သဿတ စင်သွားတယ်…။ (မှန်ပါ)။

ဒီလိုသိတော့ ဘာတဲ့...(သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ကဲ...ဥစ္ဆေဒကျန်တာ ပြောဦးမယ်...နော်...(မှန်ပါ)၊ ခုနင်က ဖဿချုပ်သွားတော့ ဝေဒနာပေါ်တယ်...။ (မှန်ပါ)၊ ဝေဒနာချုပ်ပြီးတော့...(တဏှာပေါ်ပါတယ်ဘုရား)။

သြော်...ဒါဖြင့် ချုပ်သာချုပ်သွားတယ်၊ ရှေ့ကျေးဇူးပြုလျက်ပဲလို့ကော မသိဘူးလား...။ (သိပါတယ်ဘုရား)၊ ရှေ့တရားက ချုပ်သွားငြားသော်လဲ နောက်တရားကို ပေါ်စေတယ်...။ (မှန်လှပါဘုရား)၊ ဒီတော့ ရှေ့တရားက နောက်စိတ်တရားကို ပေါ်စေတာသိရင် ဥစ္ဆေဒရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ ပြတ်သွားသေးရဲ့လား...။ (မပြတ်ပါ ဘုရား)။

## ဥစ္ဆေဒ စင်တယ်

မပြတ်ဘူး၊ ချုပ်သွားရင် သူက တရားတစ်ခု ပေါ်စေလိုက်...(မှန်ပါ)၊ ချုပ်သွားလိုက်...(ပေါ်စေလိုက်ပါဘုရား)။

ပေါ်စေလိုက်ဆိုတော့ ချုပ်သာချုပ်သွားတာကိုး၊ ရှေ့တရားတစ်ခုကို ပေါ်စေတဲ့ သဘောရှိသောကြောင့် သြော်... ချုပ်သွားပြီး ပြီးရောလို့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ မရှိဘူး၊ သဘောကျကြပလား...။ (ကျပါပြီဘုရား)။

ဒိဋ္ဌိ ဘယ်နှစ်မျိုး စင်သွားပလဲ...(သုံးမျိုးစင်သွားပါပြီ)၊ သုံးမျိုးစင်သွားတယ်...တဲ့၊ ဒီလိုဆိုတော့ သုံးမျိုးစင်သွားတော့ ဒီဥစ္စာ ရှေးဦးစွာ သိရမှာက အကြောင်းနဲ့အကျိုး... (မှန်ပါ့)၊ တစ်နည်းအားဖြင့်လဲ အကြောင်းချုပ်ပြီး အကျိုးပေါ်တာပဲ၊ ခိုင်တာမြဲတာ မရှိဘူးနော်...။ (မှန်ပါ့)။

ကဲ...ချုပ်သွားတဲ့ တရားက ဒါဖြင့် နောက်ထပ် အကျိုးတစ်ခုကို အစားထားခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ကော မသိဘူးလား...။ (သိပါတယ်ဘုရား)၊ ပြတ်သွားတယ်လို့ လောကကြီးမှာ ရှိရဲ့လား...။ (မရှိပါဘုရား)၊ မရှိတော့ ဒိဋ္ဌိ သုံးမျိုး ဘယ့်နှယ်နေကြသလဲ...။ (ဒိဋ္ဌိသုံးမျိုးစင်ပါတယ်ဘုရား)။

အဲဒီ ဒိဋ္ဌိ သုံးမျိုး စင်သဖြင့်လဲ ကစ္စာနအနွယ်ဝင်ကို ဒီလို ဟောတယ်ကွ...ဆိုတော့ ရှင်ဆန္န ဒီမှာ တရားနာရင်း လက်သည်နဲ့ တွေ့နေပြီ...။ (မှန်ပါ့)၊ ဒိဋ္ဌိ ဘယ်နှစ်မျိုး စင်သွားပလဲ...။ (သုံးမျိုးစင်ပါတယ်ဘုရား)။

သုံးမျိုးစင်ပြီးသကာလ သွားနေပြီတော့ ဒါဖြင့်ကွာ... မင်း ဒါကို ကောင်းကောင်းသဘောကျပလားလို့ မေးတယ်...။ (ကျပါပြီဘုရား)၊ ပဋိစ္စသမုပ္ပါဒ်ကို ထိုးပြတာပဲ...။ (မှန်ပါ့)။

သူ ဖြစ်ပုံမသိဘဲနဲ့, ကဲ...မောင်သစ်တို့ စဉ်းစား၊ မောင်ချစ်စိန်တို့ စဉ်းစား၊ ဒိဋ္ဌိ သုံးမျိုးစင်ဖို့ မဝေးဘူးလား...။ (ဝေးပါတယ်ဘုရား)။

**ဒိဋ္ဌိက မဂ်ဖိုလ်တားတယ်**

ဒါဖြင့် ဒိဋ္ဌိခံနေရင်လဲ ဒိဋ္ဌိက မဂ်ဉာဏ်,ဖိုလ်ဉာဏ် မတားဘူးလား…။ (တားပါတယ်ဘုရား)။

ဒီ သုံးမျိုးဟာ တစ်မျိုးမျိုးကို နားမလည်တော့ပါဘူး ဆိုရင် ဘာဖြစ်မယ်ထင်ကြသလဲ…။ (မဂ်ဉာဏ်ဖိုလ်ဉာဏ် တားပါတယ်ဘုရား)။

ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပြောသော်လဲ ဒီပဋိစ္စ သမုပ္ပါဒ် သုံးမျိုးကို ဒိဋ္ဌိခွာတဲ့ သုံးမျိုး နားမလည်ခဲ့သော် တားမှာပဲ…။ (မှန်ပါ)။

ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်မှုနဲ့ မောင်သစ်… ဒိဋ္ဌိခွာမှု၊ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒိဋ္ဌိခွာမှု သုံးမျိုးကို သိမှုနဲ့ ဘယ်သူ့ရှေ့ထားမှ ခရီးပေါက်မယ်ဆိုတာ ဟော… ပေါ်သွားပြီ…။ (ပေါ်ပါပြီဘုရား)၊ မပေါ်သေးဘူးလား…။ (ပေါ်ပါပြီ)။

ဘယ်လို ပေါ်ကြသလဲ…။ (ဒိဋ္ဌိခွာမှုကို ရှေ့ထားရ ပါမယ်ဘုရား)။

**ဖြစ်ပျက်ရှုမှု နောက်ထား**

ဒိဋ္ဌိခွာမှုကို ရှေ့ထားတဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပျက် ရှုမှုကို နောက်ထားရမယ်…။(မှန်ပါ)၊နော်…(မှန်ပါဘုရား)။

အဲ...နောက်ထားလိုက်တဲ့ အခါကျတော့ ဩော်... ဒါကြောင့် ဘုရားက ဒိဋ္ဌိဝိသုဒ္ဓိပြီးတော့မှ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ပြီးတော့မှ မဂ္ဂါ မဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဝိသုဒ္ဓိ ကျင့်စဉ်မှာလဲ သူ့ကို အရင်ခွာ၊ ပြီးတော့မှ ဖြစ်ပျက်ရှုဆိုတဲ့ အဓိပ္ပါယ်မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

အဲ...ဒီပုဂ္ဂိုလ်ဟာ ဖြစ်ပျက်က ရှေ့ထားပြီး ဒိဋ္ဌိဝိသုဒ္ဓိက မပါဘဲဖြစ်နေတယ်...။(မှန်ပါ)၊ အစဉ် ဘယ့်နှယ်နေသလဲ... (ရှေ့နောက် လွဲပါတယ်ဘုရား)။

အစဉ် ရှေ့နောက် လွဲတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားလိုက်စမ်းပါ...။ (မှန်ပါ)။

ကဲ...ရှေ့နောက်လွဲတာ နှစ်ပေါင်း ၄၀ တိုင်တိုင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရှင်ဆန္ဒ မရဘူး...။ (မှန်ပါ)၊ မရဘူး နော်...။ (မှန်ပါဘုရား)။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြင်လို့လား...မြင်လျက်နဲ့ မရတာလား...။ (မြင်လျက်နဲ့ မရတာပါဘုရား)။

မြင်လျက်နဲ့ မရတာ တယ်နာတယ်နော်...။ (မှန်ပါ)၊ မနာဘူးလား ဦးဘသန်း...(နာပါတယ်ဘုရား)။

ကဲ...ဒါနဲ့ ရှင်အာနန္ဒာက ကစ္စာနအနွယ်ကို ဘုရားက ဒီလို ဒိဋ္ဌိသုံးမျိုးခွာလေတော့ ဒီ ဒိဋ္ဌိခွာသလို ခွာပေးလိုက် တယ်...။ (မှန်ပါ)။

## ရှင်ဆန္န ရဟန္တာဖြစ်တယ်

ခွာပေးပြီး ခဏပဲ ခဏ အားထုတ်တဲ့အခါကျတော့၊ ဒိဋ္ဌိက ဉာဏ်ထဲခွာပြီးသား ဖြစ်နေတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးဆိုပြီးသကာလ လေးခါလောက် ဆုံးတော့ သူ ရဟန္တာဖြစ်တယ်…။ (မှန်ပါ)။

ဒီကျတော့ ဘာ အားကိုးရမလဲဆိုတာ လာသေးရဲ့လား…။ (မလာပါဘုရား)။

ကွာ…ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာ ရှိတာပဲကွ၊ အကြောင်းချုပ်ရင် အကျိုးချုပ်တာပဲကွ၊ အကြောင်းဖြစ်ရင် အကျိုးဖြစ်တာပဲကွ၊ နောက်လဲ လုပ်လိုက်တဲ့အခါကျတော့ ဩော်…ဒါဖြင့် သည်ဥစ္စာတွေသည်ကားလို့ ဆိုလို့ရှိရင် ဒုက္ခချုပ်ငြိမ်းပြီးမှ ချမ်းသာအစစ် ရမှာပဲလို့ အားကိုးက ပြောင်းသွားတယ်…။ (မှန်ပါဘုရား)။

## ဒုက္ခချုပ်ငြိမ်းတာမှ အားကိုးရာ အစစ်

အရင်တော့ ဒီဒုက္ခတွေ တစ်ခုခုမရှိလို့ရှိရင် ဘယ်ဟာ အားကိုးရမတုံး ဖြစ်နေတယ်…။ (မှန်ပါ)၊ အခုတော့ ထိုဒုက္ခ ချုပ်ငြိမ်းတာမှ အားကိုးရာ အစစ်ပါလားဆိုတာ ပြောင်းသွားတယ်…။ (မှန်ပါ)၊ ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)။

အရင်တုန်းကတော့ ဒုက္ခတွေ သူ အားကိုးရှိသေးတာကိုးဗျ…။ (မှန်ပါ)၊ အခုတော့ ဒုက္ခအကုန် ချုပ်ငြိမ်းပြီး

သင်္ခါရ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကို အားကိုးရမှာပါကလားလို့ ပြောင်းသွားတယ်…။ (မှန်ပါ)၊ မပြောင်းသေးဘူးလား…။ (ပြောင်းသွားပါတယ်ဘုရား)။

ဘာနားလည်လို့ မောင်သစ် ပြောင်းသွားတာတုံး…။ (ပဋိစ္စသမုပ္ပါဒ် နားလည်လို့ ပြောင်းသွားတာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို နားလည်လို့ ပြောင်းသွားတယ်…။ (မှန်ပါ)၊ အရင်တုန်းကတော့ ပဋိစ္စသမုပ္ပါဒ်ထဲက တစ်ခုခုကို အားကိုးနေတယ်…။ (မှန်ပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်တစ်ခုခုထဲမှာ သဗ္ဗေသင်္ခါရာ အနိစ္စနဲ့ သဗ္ဗေသင်္ခါရာ ဒုက္ခတွေ မောင်ချစ်စိန်ရ ဘယ်အားကိုးစရာ ပါရမတုံး…။ (မပါ,ပါ)၊ ပါသေးလား…။ (မပါ,ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ထဲက အားကိုးရင် ဒုက္ခက္ခန္ဓသာရှိလိမ့်မယ်…။ (မှန်ပါ)၊ ဒီပြင် ဘာရှိသေးသတုံး…။ (မရှိပါ)၊ ဒုက္ခအားကိုးရာ မရောက်ပေဘူးလား…။ (ရောက်ပါတယ် ဘုရား)။

အဲဒီလို ရှင်းရှင်းလင်းလင်းကြီး နားမလည်တော့ မောင်သစ်ရေ ရှင်ဆန္ဒမှာ အတော်ရှုပ်သွားတယ်…။ (မှန်ပါ)၊ ကဲ…အခုတော့ဖြင့် ဒါ နားလည်ပြီး အားကိုးသွားပြီ၊ ရဟန္တာ ဖြစ်ပြီ…။ (မှန်ပါဘုရား)။

**အလုပ်စဉ် မှန်သွားလို့ ရဟန္တာဖြစ်တာ**

ရဟန္တာဖြစ်သွားတော့ ဖြစ်ချင်လို့ ဖြစ်ရတာလား၊ အလုပ်စဉ် မှန်သွားလို့လားဆိုတဲ့ဥစ္စာ မေးခွန်းထွက်လာတယ်…။ (မှန်ပါ့)၊ ဘယ်လိုဖြေကြမလဲ…။ (အလုပ်စဉ် မှန်သွားလို့ပါဘုရား)။

ဩော်…ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ကောင်း ဆန္ဒကောင်းနဲ့ အားထုတ်ငြားသော်လဲ ရှေ့နောက် လွဲနေလို့ ရှိရင်လဲ ကိုယ်ကျိုးနည်းတာပဲ…။ (မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဆိုကြမယ်…။ (ကိုယ်ကျိုးနည်းပါတယ်)၊ စိတ်ကောင်း ဆန္ဒကောင်းနဲ့ အားထုတ်ငြားသော်လဲ ရှေ့နောက် လွဲနေလို့ရှိရင် ဘာဖြစ်မလဲ…(ကိုယ်ကျိုးနည်းပါတယ် ဘုရား)။

ဒါဖြင့် ဒီနေ့ဟောလိုက်တဲ့တရားမှာ ဒကာ ဒကာမတို့ ဒိဋ္ဌိ သုံးပါးခွာပြီးမှ ဖြစ်ပျက်အလုပ်ကို လုပ်ပါလို့ ဆိုတာ တိုက်တွန်းရမည့် သဘော… (မှန်ပါ့)၊ နော်… (မှန်ပါ့ ဘုရား)။

ဒိဋ္ဌိ သုံးပါး ခွာပြီးတော့မှ ဝိပဿနာ အားထုတ်ကြပါ…။ (မှန်ပါ့)၊ ပေါ်ပလား…။ (ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိ သုံးပါး ခွာပြီးမှ…(ဝိပဿနာ အားထုတ်ရပါမယ် ဘုရား)၊ ဝိပဿနာ အားထုတ်ပါ၊ အချို့နေရာကျတော့

ဒါ စကားစပ်မိလို့ သွင်းထည့်လိုက်ပါတယ်၊ ဝိစိကိစ္ဆာ ချုပ်ငြိမ်းမှုလဲ တရား အားထုတ်ပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

သူတို့နှစ်ခုဟာ တော်တော်အရေးကြီးတယ်...။ (မှန်ပါ့)၊ တချို့နေရာမှာ ဘာချုပ်ငြိမ်းမှ အားထုတ်ရမတုံး...။ (ဝိစိကိစ္ဆာချုပ်ငြိမ်းမှ အားထုတ်ရပါမယ်ဘုရား)။

အဲဒီတော့ သုံးကြပါစို့...တဲ့၊ ဒကာ ဒကာမတို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ သောတာပတ္တိမဂ်တားတဲ့ တရားနှစ်ခု... (မှန်ပါ့ဘုရား)။

သောတာပတ္တိမဂ်ဖြစ်ရင် သူတို့ ပယ်ရတာကိုး...။ (မှန်ပါ့)၊ ဒါဖြင့် သောတာပတ္တိ မဂ်မရတဲ့ ပုဂ္ဂိုလ် ဒီနှစ်ခုက ဝင်တားတာပဲ...။ (မှန်ပါ့)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေဥ္ဒိ ဒီ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာမှုဟာဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် နားလည်မှသာလျှင်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း ကြိုးစားမှသာလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာမယ်...။ (မှန်ပါ့ဘုရား)။

နို့မဟုတ်ရင် ငါ ဘယ်က လာပါလိမ့်မတုံးဆိုတဲ့ အဝိဇ္ဇာသင်္ခါရက လာတယ်လို့ မသိပြန်လဲ အခက်ပဲ၊ ဟင်...

(မှန်ပါ)၊ သိကြား၊ ဗြဟ္မာ၊ ဘုရားက ဖန်ဆင်းလို့ လူဖြစ်လာတယ်လို့ ယူလိုက်ပြန်လဲ ဒါ ဝိစိကိစ္ဆာ၊ ငါ ဘယ်က လာပါလိမ့်မတုံး၊ အဝိဇ္ဇာ သင်္ခါရက ဖြစ်လေရော့သလား၊ ဩော်…ဘုရားတွေကပဲ ဖန်ဆင်းလေရော့သလား ဆိုတဲ့ ဒီ လားတွေ ခက်နေရင်လဲ ဝိစိကိစ္ဆာခံနေလို့ မဂ်ဉာဏ်မရနိုင်ဘူး…။ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံး ဒကာ ဒကာမတွေ၊ တရားအားထုတ်တဲ့ ဒကာ ဒကာမတွေမှာဖြင့် ပဋိစ္စသမုပ္ပါဒ်မပါဘဲနဲ့ အရမ်းအားထုတ်ပြီးသကာလ နေကြပါမူကား…နှစ်ခုစလုံး တားလိမ့်မယ်…။ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကလဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို…(တားပါတယ်)၊ ဝိစိကိစ္ဆာကလဲ…(မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားပါတယ်)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားမယ်ဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဩော်…မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တားတဲ့ တရားနှစ်ခုဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါကလား၊ ပေါ်ပြီ…။ (ပေါ်ပါပြီဘုရား)။

**ဒိဋ္ဌိခွာမှုမှာ ဘယ်သူက ကူညီသလဲ**

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ဉာဏ်တဲ့ ရှင်းမှု လင်းမှုကလဲ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ဒေသနာကသာလျှင် အကူအညီ

ရပါကလား…။ (မှန်ပါ)၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ ဘုရား)။

ဒိဋ္ဌိ ခွာမှုမှာ ဘယ်သူက အကူအညီပေးသတုံး…။ (ပဋိစ္စသမုပ္ပါဒ်ပါ)၊ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ဒေသနာတော် နော်…။ (မှန်ပါဘုရား)။

ဝိစိကိစ္ဆာ ကွာမှုလဲ ဘယ်သူက အကူအညီ ပေးပါလိမ့်မတုံး…။ (ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာပါဘုရား)။

ဒါဖြင့် အရင်ရှေ့ထားပြီး လုပ်ရမယ့် စက်ဝိုင်း ဒေသနာ အလုပ်ဟာ ရှေ့ထားလုပ်ရမည့်အလုပ်ဆိုတာ ဦးကျော်မောင် ပေါ်သွားပြီ…။ (ပေါ်သွားပါပြီ)၊ မပေါ်သေးဘူးလား…။ (ပေါ်သွားပါပြီ)။

မောင်ချစ်စိန် ပေါ်ပြီကွ…(ပေါ်ပါပြီ)၊ နောက်က ဒကာ ဒကာမတွေကော သဘောကျပလား…။ (ကျပါပြီ)၊ အဲဒါကြောင့် ခင်ဗျားတို့ သူ့ကို နားလည်ပြီးတော့သာ အားမထုတ်ဘဲ နေလို့ မရဘူး…။ (မရပါဘုရား)။

သူ့ကိုလဲ နားလည်ရမယ်, ရှေ့ပိုင်းက…(မှန်ပါ)၊ သူ့နားလည်ရုံနဲ့ နေပြန်တော့လဲ ဉာတပရိညာ ဖြစ်ရုံပဲ၊ တီရဏပရိညာ မဖြစ်ပါဘူး…။ (မှန်ပါ)၊ မဟုတ်ဘူးလား…။ (မှန်ပါဘုရား)။

သူဟာ ဉာတပရိညာနဲ့ သူ့ကို နားလည်ပြီးမှ တီရဏပရိညာနဲ့ အားထုတ်မှသာလျှင် မောင်သစ် နှစ်ခုတွဲမှ

အောင်ပွဲရမယ်…။ (မှန်ပါ့)၊ နိဗ္ဗာန်တည်းဟူသောပန်းကို ဆွတ်လှမ်းနိုင်ပါတယ်…။ (မှန်ပါ့)၊ မဆိုနိုင်ဘူးလား…။ (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဒေသနာတော်ကို ခင်ဗျားတို့ကို နေ့တိုင်း ဘုန်းကြီးက လက်ကိုင်ထားပြီးသကာလ ပြောနေတဲ့ အဓိပ္ပာယ်ဟာ နိဗ္ဗာန်သဘောကျချင်တယ်ဆိုရင် သူ့ကြည့်မှ… (မှန်ပါ့)၊ မဟုတ်ဘူးလား…။ (မှန်ပါ့)။

ပုဂ္ဂိုလ် သတ္တဝါ မရှိမှန်း သိချင်တယ်…။ (သူ့ကြည့်ပါ)၊ သဿတ ခွာချင်တယ်…။ (သူ့ကြည့်ပါ)၊ ဥစ္ဆေဒ ခွာချင်တယ်…။ (သူ့ကြည့်မှပါဘုရား)။

**အရာရောက်တဲ့ စက်ဝိုင်း ဒေသနာ**

သူ့ကြည့်မှပဲ၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်တာကိုလဲ သိမှသာ လျှင် ပြတ်လို့ရှိရင် ဘယ်လိုဖြတ်မှ ပြတ်တယ်ဆိုတာလဲ သူ့ကြည့်မှ ပြတ်တာ မပြတ်တာ ဒီအထဲမှာ…(မှန်ပါ့)။

ဒါဖြင့် သူဟာ ရှေးဦးစွာ အရေးပါ အရာရောက်တဲ့ စက်ဝိုင်း ဒေသနာပဲဆိုတာ မောင်သစ် ဆိုထိုက်ပြီ…။(ဆိုထိုက် ပါတယ် ဘုရား)။

အဲဒီ့ရှင်ဆန္ဒမှာ ဒါ မပါဘဲ ဖြစ်သွားတာပဲ…။ (မှန်ပါ့)၊ ဒါ မပါတော့ သဿတ ဥစ္ဆေဒ၊ သူ့မှာတော့ ဥစ္ဆေဒဖြစ်သွား တယ်…။ (မှန်ပါ့)၊ ဘာ အားကိုးရမတုံးဆိုတော့ အကုန်

ပြတ်တဲ့ အဓိပ္ပါယ်ရောက်မသွားဘူးလား...။ (ရောက်သွားပါတယ်ဘုရား)၊ အဲ...သူ့မှာတော့ ဥစ္ဆေဒခံတယ်...။ (မှန်ပါ)၊ ဒါလဲ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပဲ...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေ နေ့တိုင်း အားတုတ်နေကျဖြစ်တဲ့ စာရွက်ထဲကို ခင်ဗျားတို့က ၁၃ ချက်ရှိတဲ့စိတ်ကို ဘယ်စိတ်ဟာ အမြဲတမ်းရှုရမှာလဲ၊ လေကို ထွက်စေတဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့ စိတ်၊ အဲဒီ စိတ်နှစ်ခုကို ဖြစ်ပျက်ရှုရမယ်...။ (မှန်ပါ)၊ အမြဲတမ်း ရှုနေ ရမယ်...။ (မှန်ပါ)။

အဲဒီ ရှုတဲ့အထဲကမှ အပြင်ဧည့်သည် ၆ ယောက်တစ်ယောက်ယောက် လာလို့ရှိရင် ဟိုဟာနှစ်ခု လွှတ်ပြီး အပြင်ဧည့်သည်ရှု...(မှန်ပါ)၊ အပြင်ဧည့်သည်က မလာပြန်တော့လဲ အိမ်သည်နှစ်ခု ပြန်ဆက်ရှု...။ (မှန်ပါ)။

ဒါ အတွင်းဧည့်သည်က ကြားပေါက် ပေါ်လာလို့ရှိရင်တော့ မောင်သစ် ဘာလုပ်မလဲ...(အတွင်းဧည့်သည် ရှုရပါမယ်)၊ အတွင်းဧည့်သည် ရှု။

အတွင်းဧည့်သည်က မလာပြန်ဘူးဆိုရင်ကော...(အိမ်သည် နှစ်ခု ရှုရပါမယ်ဘုရား)။

ဒါဖြင့် အိမ်သည်ဟာ အမြဲထာ[illegible] အပြင်ဧည့်သည်နဲ့ အတွင်းဧည့်သည်က လာမှလိုက်...(မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

မန္တလေးက ဒကာ ဒကာမတွေ အဓိရေးတကြီး ပြောနေတဲ့ စကားလို့ မှတ်စမ်းပါ...။ (မှန်ပါ)။

အိမ်သည်နှစ်ခုကိုဖြင့် အမြဲလိုက်၊ လေထုတ်စေတဲ့ စိတ်ကလေးလဲ ဖြစ်ပြီး ပျက်သွားပြီ၊ လေသွင်းတဲ့ စိတ်ကလေးလဲ ဖြစ်ပြီး ပျက်သွားပြီ၊ ဒီကြားထဲကမှ နားထဲက ကြားလာတယ်၊ ကြားတဲ့ စိတ်ကလေး လိုက်ရှု၊ အင်း... သူလဲ ဖြစ်ပျက်ပဲဆိုပြီး သိလိုက်၊ သိပြီးသကာလ ဘယ်စိတ်မှ မလာလို့ရှိရင် ခုနင်က ရှုစိတ်, ရှိက်စိတ်ကလေးကို ဆိုတဲ့ အိမ်သည်ကို ပြန်ကောက်...(မှန်ပါ)၊ မဟုတ်ဘူးလား...။ (မှန်ပါဘုရား)။

ဒါကြောင့် စာအုပ်တွေထဲမှာ ပါ,ပါတယ်၊ ပင့်ကူကြီးဆိုတာ လှုပ်ရာလိုက်၊ မလှုပ်ရင် အလယ်ပြန်ထိုင်ဆိုတဲ့ဥစ္စာပါပြီ မဟုတ်လား...။ (မှန်ပါ)။

**ပင့်ကူကြီးလို အလယ် ပြန်ထိုင်**

လှုပ်ရာကိုတော့...(လိုက်ရပါမယ်ဘုရား)၊ နောက်ကျတော့ကို...(အလယ်ပြန်ထိုင်ရပါမယ်ဘုရား)။

အလယ်ပြန်ထိုင်ဆိုတာ ဒီဖြစ်ပျက်နေတဲ့ အလယ်စိတ်နှစ်ခုကို သူ့ဆီ ပြန်ရှု...(မှန်ပါ)၊ ဘေးက တစ်ခါ ကြားစိတ်ကလေးက လှုပ်လာရင် ကြားစိတ် ရှု...(မှန်ပါ)၊ နံ့စိတ်

ကလေးက လှုပ်လာရင်...(နံစိတ်ရှု)၊ အဲ...တစ်ခုတည်း ပေကြည့်လို့တော့ မဖြစ်ဘူး...။ (မှန်လှပါဘုရား)။

ဘာဖြစ်လို့တုံး၊ ခန္ဓာကိုယ်ထဲ တစ်ခုတည်းပေါ်တာမှ မဟုတ်ဘဲ၊ ကျဘန်းပေါ်လာတာ...။ (မှန်ပါ့)။

ဟာ...အဟုတ်ကိုပဲ ဘေးကဟာတွေ မဝင်လာပါဘူး ဆိုတာတောင် နှစ်ခုကိုရှုရမယ်...။ (မှန်ပါ့)၊ ဟုတ်ပလား...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဧကောဓမ္မော=တစ်ခုတည်း ရှုပါတဲ့၊ အဲဒီ ပါဠိကလဲ ဘုန်းကြီးတို့ ခင်ဗျားတို့ကို သင်ထားတဲ့ပါဠိကလဲ စိတ်တစ်ခုတည်း ရှုပါတဲ့...။ (မှန်ပါ့)၊ အပြင်ဧည့်သည် ဆိုတာလဲ စိတ်...(မှန်ပါ့)၊ အတွင်းဧည့်သည်ဆိုတာလဲ... (စိတ်ပါပဲ)၊ အိမ်သည်ဆိုတာလဲ...(စိတ်ပါပဲ)၊ ဒီတော့ ဧကော ဓမ္မော=သွားမကျဘူးလား...။ (ကျပါတယ်ဘုရား)၊ စိတ် တစ်မျိုးတည်း ရှု...။ (မှန်ပါ့)။

စိတ်တစ်မျိုးတည်း ရှုလိုက်တော့ စေတသိက်လဲ ပါသွားတယ်...။(မှန်ပါ့)၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေကော... (ပါသွားပါတယ်ဘုရား)၊ ကဲ...နောက်ဆုံးပိတ်ကျတော့ မောင်သစ် ခန္ဓာငါးပါးပါတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

အဲဒီတော့ တစ်ခုသောစိတ် ဖြစ်ပျက်ကို ရှုလို့ရှိရင် ခန္ဓာငါးပါးမပါ မရှိပါဘူး...။(မှန်ပါ)၊သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

အဲဒါ ခန္ဓာငါးပါး ပါပါ, ပါပါသွားတော့ အဲဒါ ဖြစ်ပျက်မြင်အောင် ရှု...(မှန်ပါ)၊ ၎င်းဖြစ်ပျက်ကို ကိုယ့်စိတ်ထဲမှာ...ကိုယ့်အသေတွေဆိုပြီးသကာလ မုန်းအောင် ရှု...(မှန်ပါ)။

မုန်းအောင် ရှုဆို ကိုယ်က မုန်းချင်လို့ မဟုတ်ဘူး၊ ဓမ္မ သဘောအတိုင်း ကိုယ့်ဉာဏ်က ထက်ပြီး မုန်းတာ...။ (မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

အဲဒီ မုန်းပြီးသည်၏ အခြားမဲ့မှ ဒါကြီးဟာ ဒုက္ခသစ္စာပဲ၊ ငါတို့ ရှုနေတဲ့ ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာပဲ၊ သုခသစ္စာ တစ်ခုမှ မပါ,ပါဘူး၊ ဖြစ်,ဒုက္ခ၊ ပျက်,ဒုက္ခမှ တစ်ပါး ခန္ဓာကိုယ်ထဲ ဘာမှ မရှိပါဘူးဆိုတာကို ဆုံးဖြတ်ချက် ချလို့ရှိရင် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိရင် ဖျတ်ဆို ခန္ဓာပါ ပျောက်သွားတယ်...။ (မှန်ပါဘုရား)။

**နိဗ္ဗာန်ဆိုတာ ဒါပဲ**

ခန္ဓာပျောက်သွားလို့ရှိရင်, ဩော်...ခန္ဓာမရှိပြီးရင် ခန္ဓာ မရှာဘဲ ခန္ဓာအဆုံး နိဗ္ဗာန်ဆိုတာ ဒါပဲ...ဒါပဲ...ဒါပဲလို့သာ

ဆင်ခြင်နေပါ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ခန္ဓာအဆုံး နိဗ္ဗာန်ဆိုတာ...(ဒါပါပဲ)၊ ဒါပါပဲလို့သာ ဆင်ခြင်နေ၊ ခန္ဓာမရှာနဲ့...။ (မှန်ပါ့)။

ခန္ဓာမရှာဘဲနဲ့ ဆင်ခြင်နေလို့ အကြိမ်များစွာ ရလို့ ရှိရင် ကိလေသာ ဝေးသွားတာပဲ...။ (မှန်ပါ့)။

ဒါ...တစ်မဂ်, တစ်ဖိုလ် ရတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ယနေ့ ရှင်းပေးပါတယ်...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။